# မာတိကာ


*Preface* ၁၁

**အခန်း(၁) အမျိုးသားအကျိုးစီးပွား** ၁၉

- အမျိုးသားအကျိုးစီးပွားသည် ထာဝရ ၂၄
- အမျိုးသားအကျိုးစီးပွားရေးဆွဲခြင်း ၂၅
- ပါဝါနှင့် အမျိုးသားအကျိုးစီးပွား ၂၇
- ပါဝါဖြစ်စေသောအကြောင်းရင်းများ ၂၉
  - အခြေခံအကြောင်းရင်းများ ၂၉
  - နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးဆိုင်ရာ အကြောင်းရင်းများ ၃၀
  - စွမ်းဆောင်ရည်ဆိုင်ရာအကြောင်းရင်းများ ၃၀
- အမျိုးသားအကျိုးစီးပွား အမျိုးအစား သုံးမျိုး ၃၃
- အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံခြားရေးမူဝါဒ ၃၆
- *Reference* ၃၈

**အခန်း(၂)အမျိုးသားအကျိုးစီးပွားဆုံချက် သို့မဟုတ် အင်ဒို-ပစိဖိတ်** ၃၉

- တရုတ်၏ အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံရေးမဟာဗျူဟာများ ၄၅
- စွမ်းအင်အရေး ၄၆
- တရုတ်၏ စစ်ရေးမဟာဗျူဟာများ ၄၈
- တရုတ်၏ နိုင်ငံရပ်ခြားကာကွယ်ရေးဆိုင်ရာနေရာများ ၄၈
- တရုတ် မဟာဗျူဟာ၏ အားသာချက်နှင့် အားနည်းချက်များ ၅၀
- တရုတ်နိုင်ငံ၏ မဟာစီမံကိန်းကြီးများ ၅၂
  - စွမ်းအင်လုံခြုံရေး ၅၂
  - ရေကြောင်းဆိုင်ရာ ပိုးလမ်းမကြီး ၅၄
- တရုတ်နိုင်ငံ၏ ပထဝီနိုင်ငံရေး ၅၆
  - တောင်တရုတ်ပင်လယ် ၅၆
  - ပစိဖိတ်ကျွန်းနိုင်ငံများ ၅၈
  - အိန္ဒိယသမုဒ္ဒရာနှင့် တရုတ်မဟာဗျူဟာ ၆၃
- ရေကြောင်းမဟာဗျူဟာ ၆၆
- တရုတ်တပ်မတော် ၆၉
- သမ္မတရှီ၏ PLA အပေါ်ဩဇာသက်ရောက်မှု ၇၀
- PLA ၏ စစ်အခြေစိုက်စခန်းများရှာဖွေမှု ၇၁
- PLA အတွင်း တိုးတက်မှုများ ၇၃
- Blue Water Navy နှင့် တရုတ်ရေတပ်မတော် ၇၆
- ကျွန်းစဉ်ဆက်တန်း (Island Chains) ၇၉
- သမုဒ္ဒရာနှစ်စင်း (Two-Oceans) မဟာဗျူဟာ ၈၁
- တရုတ်နိုင်ငံ၏ နျူကလီးယားပါဝါ ၈၁
- တရုတ်နှင့် အမေရိကန်ကြား စစ်ရေးတင်းမာမှုများ ၈၃
- တရုတ်နိုင်ငံ၏ အာကာသပါဝါ ၈၆
- တရုတ်၏ ရင်းနှီးမြှုပ်နှံမှုနှင့် ဘဏ္ဍာရေး ၈၇
- တရုတ်၏ နိုင်ငံတော်ပိုင်ကုမ္ပဏီများ ၈၈
- အမေရိကန်၏ အလေးထားမှု ၈၉
- အိန္ဒိယသမုဒ္ဒရာနှင့် အမျိုးသားအကျိုးစီးပွား ၉၀
- တရုတ်-အိန္ဒိယ ပါဝါဂိမ်း ၉၁
- ရေကြောင်းဆိုင်ရာ ဂိမ်းတစ်ခုလား ၉၄
- မဟာဗျူဟာမြောက် ဇာတ်ကောင်များ ၉၇
- အမေရိကန်၏ အမျိုးသားအကျိုးစီးပွားနှင့် မဟာဗျူဟာ ၁၀၁
- ပါးကိုက်နားကိုက်မဟာဗျူဟာ(Tit-For-Tat Strategy) ၁၀၄
- Trans-Pacific Partnership(TPP) ၁၀၈
- Regional Comprehensive Economic Partnership(RCEP) ၁၀၉
- E-commerce ၁၁၁
- ကုန်သွယ်ရေးမဟာဗျူဟာများ ၁၁၂
- အမေရိကန်၏ အင်ဒို-ပစိဖိတ် မဟာဗျူဟာ ၁၁၄
- မဟာဗျူဟာအနှစ်ချုပ် ၁၁၅
- ငြိမ်းချမ်းပွင့်လင်းသော ဒေသဆိုင်ရာ အစီအစဉ်ကို ထိန်းသိမ်းခြင်း ၁၁၆
- အမေရိကန်၏ ရည်မှန်းချက်များ ၁၁၇
- တရုတ်၏ ရည်မှန်းချက်များ ၁၁၈
- ရုရှား၏ ရည်မှန်းချက်များ ၁၁၉
- အမေရိကန်ပြည်ထောင်စု၏ လုံခြုံရေးဆိုင်ရာ မဟာဗျူဟာ ၁၂၂
- အင်ဒို-ပစိဖိတ်ဒေသရှိ အမေရိကန် စစ်အခြေစိုက်စခန်းများ ၁၂၄
- အမေရိကန်၏ အမျိုးသားလုံခြုံရေးမဟာဗျူဟာ ၁၂၇
- အမေရိကန်ကာကွယ်ရေး မဟာဗျူဟာ ၁၂၈
- ကာကွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ၁၂၉
- မဟာဗျူဟာနှင့် အမျိုးသားလုံခြုံရေး ၁၃၀
- အိန္ဒိယ၏ အမျိုးသားအကျိုးစီးပွားနှင့် လုံခြုံရေးမဟာဗျူဟာ ၁၃၃
- အိန္ဒိယ၏အင်ဒို-ပစိဖိတ် မဟာဗျူဟာ ၁၃၄
- အသုံးစရိတ်နှင့် စွမ်းဆောင်ရည်များ ၁၃၆
- အားသာချက်နှင့် အားနည်းချက်များ ၁၃၇
- အမျိုးသားအကျိုးစီးပွား ၁၃၇
- စိန်ခေါ်မှုများ ၁၃၈
- ပညာရှင်များ၏ အကြံပြုချက်များ ၁၃၉
- အိန္ဒိယနိုင်ငံနှင့်ပတ်သက်၍ အမေရိကန်အစိုးရအတွက် အကြံပြုချက်များ ၁၄၀
- NonAlignment 2.0 ၁၄၀
- အိန္ဒိယ၏ ပထဝီမဟာဗျူဟာအရေးပါမှု ၁၄၁
- အိန္ဒိယ၏ လုံခြုံရေးဆိုင်ရာမူဝါဒ ၁၄၂
- အိန္ဒိယ၏ သံတမန်ရေးနှင့် နိုင်ငံရေးရည်မှန်းချက်များ ၁၄၄
- *Reference* ၁၄၇

**အခန်း(၃) မြေရှားတွင်းထွက်အရေး** ၁၄၉

- မြေရှားဒြပ်စင်ဆိုသည်မှာ ၁၅၁
- တရုတ်နိုင်ငံ၏ မြေရှားသတ္တုလုပ်ငန်း ၁၅၆
- မြေရှားဈေးနှုန်းများ ၁၆၁
- မြေရှား ဝယ်လိုအားများ ၁၆၂
- တရုတ်နှင့် မြေရှားသတ္တု ၁၆၆
- တရုတ်၏ မြေရှားပါဝါ ၁၆၇
- တရုတ်နိုင်ငံရှိ မြေရှားသတ္တုသိုက်များ ၁၆၇
- တရုတ်နိုင်ငံ၏ မြေရှားဈေးကွက်ခွဲတမ်း ၁၆၉
- မြေရှားဒြပ်စင်နှင့် တရုတ်နိုင်ငံ၏ လက်ဝါးကြီးအုပ်မှု ၁၆၉
- ထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေး ၁၇၁
- အသုံးချမှုများ ၁၇၃
- တရုတ်နိုင်ငံ၏ မြေရှားဈေးကွက်ကြီးစိုးမှု ၁၇၄
- ကမ္ဘာ့နိုင်ငံများ၏ မြေရှားဒြပ်စင်ဆိုင်ရာ တုံ့ပြန်မှုများ ၁၇၅
- မြေရှားဒြပ်စင်နှင့် ဒီမိုကရေစီနိုင်ငံများ ၁၇၉
- မျက်လုံးငါးလုံးမဟာမိတ်အဖွဲ့နှင့် မြေရှားဒြပ်စင် ၁၈၁
- မဟာဗျူဟာမြောက် ပြင်ဆင်မှုများ ၁၈၃
- *Reference* ၁၈၇


## အမျိုးသားအကျိုးစီးပွား

ယနေ့ခေတ်တွင် နိုင်ငံများအဖို့ သူတို့၏ အမျိုးသား အကျိုးစီးပွားကို ဆုံးဖြတ်ခြေင်းသည် မဟာဗျူဟာမြောက် အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်ခု၏ အမျိုးသားအကျိုးစီးပွားသည် ယင်းနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများကို မောင်းနှင်ပေးသည်။ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ဆောင်ရာတွင် ပါဝါသည် အဓိက လိုအပ်ချက် တစ်ခုဖြစ်သည်ဟု နိုင်ငံရေးပညာရှင်များက ဆိုကြသည်။

ခေါင်းဆောင်မှုအရည်အသွေးသည်လည်း အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသား ရည်မှန်းချက်များအတွက် အလွန်အရေးပါသည်။ နိုင်ငံခြားရေးမူဝါဒပညာရှင်ကြီး ဟင်နရီ ကစ်ဆင်းဂျားက "ခေါင်းဆောင်မှုတွင် ချမှတ်ရမည့် ဆုံးဖြတ်ချက်၊ ပျိုးထောင်ရမည့် ယုံကြည်ချက်၊ စောင့်ထိန်းရမည့် ကတိနှင့် ချီတက်ရမည့်လမ်းစဉ်တို့ ပါဝင်သည်။ အတိတ်နှင့် အနာဂတ်ကြား ချိတ်ဆက်ရာတွင် သတ္တိနှင့် ကိုယ်ကျင့်တရားသည် ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် သတ္တိသည် ကောင်းကျိုးကိုဆောင်ကြဉ်းပေးပြီး ကိုယ်ကျင့်တရားသည် သစ္စာရှိမှုကို အားကောင်းစေသည်"ဟု ဆိုခဲ့သည်။

## မြေရှားတွင်းထွက်

မြေရှားဒြပ်စင်ဆိုသည်မှာ သံလိုက်ဓာတ်ရှိမှု၊ တောက်ပမှုနှင့် ကြံ့ခိုင်မှု စသည့် ဂုဏ်သတ္တိထူးများရှိသည့် သတ္တုဒြပ်စင်များဖြစ်သည်။ ယင်းတို့ကို ဓာတ်ကူပစ္စည်းနှင့် သတ္တုစပ်များအဖြစ် အသုံးပြုကြသည်။ နာမည်နှင့် ဆန့်ကျင်စွာပင် ယင်း ဒြပ်စင်များသည် ကမ္ဘာ့အပေါ်ယံမြေလွှာတွင် ပေါများစွာရှိသည်။ သူတို့၏ ရှားပါးမှုသည် နေရာအနှံ့ပြန့်ကျဲနေမှု၊ တခြားတွင်းထွက်များနှင့် ရောနှောနေမှုနှင့် တစုတဝေးတည်း တွေ့ရခဲမှုကြောင့်ဖြစ်သည်။

ထို့ပြင် မြေရှားသတ္တုများကိုထုတ်လုပ်ရာတွင် ခက်ခဲရှုပ်ထွေးခြင်း၊ ကုန်ကျစရိတ် အလွန်များပြားခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိခြင်းတို့ကြောင့် ရှားပါးဒြပ်စင်အဖြစ် သတ်မှတ်ကြခြင်းဖြစ်သည်။

မြေရှားဒြပ်စင်နှင့်ပတ်သက်၍ လူအများရရှိထားသော အချက်အလက်များသည် ပုံပြင်များသဖွယ်ဖြစ်ပြီး အလှူပ်အခတ်များလွန်းသည်ဟု ဆိုရမည်။ ယနေ့ခေတ်တွင် နည်းပညာဆိုင်ရာ တိုးတက်လာသည်နှင့်အမျှ မြေရှားဒြပ်စင်များ၏ အရေးပါမှု ကြီးထွားလာခဲ့သည်။ တရုတ်နိုင်ငံတွင် ကမ္ဘာ့အကြီးဆုံးမြေရှားသတ္တုသိုက်ကြီးရှိပြီး ခန့်မှန်းခြေပမာဏမှာ မက်ထရစ်တန်ချိန် ၄.၄ သန်း ဖြစ်ရာ ကမ္ဘာလုံးဆိုင်ရာစုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းခန့်ဖြစ်သည်။